လည်းကောင်း ၊ ပြည်ပသို့မတင်ပို့မီသော် လည်းကောင်း ၊ ကျန်းမာရေးဦးစီးဌာန ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတွင် မှတ်တမ်းတင်ရန် လျှောက်ထားရမည်။

(ခ) ပြည်ပမှ တင်သွင်းသော အလှကုန်ပစ္စည်းကို ပြည်တွင်းဈေးကွက်၌ မဖြန့်ဖြူးမီ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတွင် မှတ်တမ်းတင်ရန် လျှောက်ထားရမည်။

(ဂ) ပြည်ပမှ ထုတ်လုပ်သော အလှကုန်ပစ္စည်းကို ပြည်တွင်း၌ မဖြန့်ဖြူးဘဲ အခြားပြည်ပနိုင်ငံတစ်ခုသို့ ပြန်လည်တင်ပို့ရန်ဖြစ်ပါက မှတ်တမ်းတင်ရန် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၁၇။ အလှကုန်ပစ္စည်းကို မှတ်တမ်းတင်ရန် လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများပူးတွဲ တင်ပြရမည် -

(က) ပါဝင်သော ပစ္စည်းစာရင်း၊

(ခ) ကန့်သတ်ပစ္စည်း ပါဝင်မှုရာခိုင်နှုန်း၊

(ဂ) အမှတ်တံဆိပ် နမူနာ။

၁၈။ ကျန်းမာရေးဦးစီးဌာန ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် မှတ်တမ်းတင်ရန် လျှောက်ထားခြင်းကို စိစစ်ပြီးနောက် မှတ်တမ်းတင်လက်မှတ် ထုတ်ပေးရမည်။

၁၉။ အလှကုန်ပစ္စည်းမှတ်တမ်းတင်လက်မှတ်သည် ယင်းပစ္စည်း၏ အရည်အသွေးအာမခံချက်နှင့် မသက်ဆိုင်စေရ။

၂၀။ မှတ်တမ်းတင်လက်မှတ်၏ သက်တမ်းသည် လက်မှတ်ထုတ်ပေးသည့်နေ့မှစ၍ နှစ်နှစ် ဖြစ်သည်။

၂၁။ မှတ်တမ်းတင်လက်မှတ်သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်လိုသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်ထားရမည်။

၂၂။ မှတ်တမ်းတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း မရှိပါက ယင်းလက်မှတ်သည် သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ ပြည်ပမှ အလှကုန်ပစ္စည်းတင်သွင်းသူ( Importer ) သို့မဟုတ် ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်သော

အလှကုန်ပစ္စည်းများကို လက်ကားရောင်းချသူ( Wholesaler ) သည် ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ အဆင်သင့်တင်ပြနိုင်ရန် အောက်ဖော်ပြပါ အချက်အလက်နှင့် မှတ်တမ်း အထောက်အထားများကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ပြုစု၍ စနစ်တကျထိန်းသိမ်း ထားရမည် -

(က) ကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောပစ္စည်းများ၏ အသေးစိတ်သတ်မှတ်ချက်များ၊

(ခ) ပါဝင်သော ပစ္စည်းများ၏ အရည်အသွေးနှင့် ပါဝင်မှုပမာဏ၊

(ဂ) ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်ဖြင့် ထုတ်လုပ်ကြောင်း ဖော်ပြသည့်မှတ်တမ်းများ၊

(ဃ) အလှကုန်ပစ္စည်း၏ အန္တရာယ်ကင်းရှင်းကြောင်း မှတ်တမ်းများ၊

(င) အလှကုန်ပစ္စည်း သုံးစွဲခြင်းကြောင့် လူတို့၏ကျန်းမာရေး ထိခိုက်မှု မှတ်တမ်း၊

(စ) အလှကုန်ပစ္စည်းအတွက် ကြော်ငြာထားသည့် အကျိုးရှိမှုကို သက်သေပြနိုင်သည့် အထောက် အထားများ၊

(ဆ) အလှကုန်ပစ္စည်းကို ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်ရန်အတွက် လိုအပ်သော နည်းလမ်းများနှင့် စပ်လျဉ်းသည့် မှတ်တမ်းများ၊

(ဇ) အလှကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချမှုစာရင်း မှတ်တမ်းများ။

## အခန်း(၄)

## အထွေထွေ

၂၄။ ဤအလှကုန်ပစ္စည်းဆိုင်ရာ အမိန့်တွင် ထုတ်ပြန်ထားသည့် ကိစ္စရပ်များကို ကျန်းမာရေးဦးစီးဌာန၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၅။ ပြည်ပနိုင်ငံ သို့မဟုတ် ပြည်တွင်းမှ ထုတ်လုပ်သော အလှကုန်ပစ္စည်းကို သုံးစွဲသူများသည် အလှကုန်ပစ္စည်းများသုံးစွဲ၍ ကျန်းမာရေးနှင့်စပ်လျဉ်းသည့် တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ပွားမှု ရှိပါက ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ အကြောင်းကြားနိုင်သည်။

၂၆။ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် ဤအမိန့်ပါ လုပ်ငန်းများ